ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

## ၂၀၁၂ - ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အနိုင်ရရှိခြင်းအပေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ က

## “ဂုဏ်ပြုချီးကျူးကြောင်း ထုတ်ပြန်ကြေငြာချက်”

ရက်စွဲ။ ။ ၂၀၁၂ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့။

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီအနေနှင့် အပြတ်အသတ် အနိုင်ရခဲ့ခြင်းသည် ပြည်သူလူထု၏ ဆန္ဒသဘောထားအမှန်ကို ထင်ရှားပေါ်လွင်စေခြင်းဖြစ်ပြီး၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးအတွက် ပထမ ခြေလှမ်းတစ်ရပ်ဖြစ်၍ မိမိတို့ UNFC အနေနှင့် လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

၂။ ယခုကဲ့သို့ ပဏာမဒီမိုကရေစီအောင်ပွဲ ပထမခြေလှမ်းမှသည် ဒုတိယခြေလှမ်းများဖြစ်သော တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးမှတဆင့် စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းမှု ဖော်ဆောင်ရေး၊ စစ်မှန်သည့် (ဖက်ဒရယ်) ပြည်ထောင်စု (သို့မဟုတ်) ပြည်ထောင်စု စစ်စစ် ၁၉၄၇-ပင်လုံစာချုပ် အခြေခံမူကို အကောင်အထည်ဖော်နိုင်ရန်အတွက် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် “နိုင်ငံရေးဆွေးနွေးပွဲ” အဆင့်သို့ တက်လှမ်းနိုင်ငံရေးတို့ကို ဒေါ်အောင်ဆန်းစုကြည် အနေနှင့် လက်ရှိသမ္မတ ဦးသိန်းစိန်နှင့် ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မိမိတို့ UNFC က အပြည့်အဝ ယုံကြည်ပါသည်။

၃။ တစ်ဆက်တည်းမှာပင် ရွေးကောက်ပွဲ အကြိုကာလ ဒေါ်အောင်ဆန်းစုကြည် နှင့် NLD တင်ပြခဲ့သည့် နိုင်ငံရေးရည်မှန်းချက် (၃)ရပ်ဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး နှင့် ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြင်ဆင်ရေး တို့ကိုလည်း ဒေါ်ဆောင်ဆန်းစုကြည် အနေနှင့် လွှတ်တော်အတွင်းမှဖြစ်စေ၊ လွှတ်တော်ပြင်ပမှဖြစ်စေ၊ တစိုက်မတ်မတ် ဆက်လက် ကြိုးပမ်းသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်သည့်အပြင် မိမိတို့ UNFC အနေနှင့်လည်း အဆိုပါ နိုင်ငံရေး ရည်မှန်းချက် (၃)ရပ် ပေါက်မြောက်အောင်မြင်ရေးအတွက် အစွမ်းကုန် ပူးပေါင်းပါ၀င်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ကြေငြာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ- UNFC

For Media contact -

(၁) တွဲဘက်အထွေထွေအတွင်းရေးမှူး(၂)

081-950 2158